# (၂၅) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၂၀၁၃-ခုနှစ်၊ မတ်လ(၂၀)ရက်နေ့သည်ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ တိုင်းရင်းသား လူမျိုးများအကြား တန်းတူညီမျှမှုရှိသည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီ စနစ်ထွန်းကားရေးတို့အတွက် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ချင်းအမျိုးသားများ၊ ချင်းပြည်သူများနှင့်အတူ ခုခံတိုက်ပွဲဝင်လာခဲ့သည့် (၂၅)နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ငွေရတုသဘင်အခါသမယဖြစ်ပေသည်။ ချင်း အမျိုးသားတော်လှန်ရေး (၂၅) နှစ်တာ ကာလအတွင်း တိုင်းပြည်နှင့်လူမျိုးအတွက်တိုက်ပွဲဝင်ရင်း အသက်ပေးလှူ သွားကြသော ချင်းမျိုးချစ်ရဲဘော်များ၊ ချင်းအမျိုးသားတပ်မတော်သားများနှင့် ချင်းအမျိုးသားများ၊ ချင်းပြည်သူများအား ဦးညွှတ် ဂုဏ်ပြု ဂါရဝပြု အပ်ပါသည်။

ချင်းအမျိုးသားတို့သည် နယ်ချဲ့အင်္ဂလိပ်တို့ချင်းပြည်အတွင်း ဝင်ရောက်ကျူးကျော်လာမှုအား ရရာလက်နက်ဆွဲကိုင်၍ ခုခံတော်လှန်တိုက်ပွဲဝင်ခဲ့သည်။ ထို့အတူ ပင်လုံစာချုပ်နှင့်ဗိုလ်ချုပ်၏ ကတိကဝတ်ကိုအခြေခံ၍ ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရန်သဘောတူညီခဲ့မှုအားသွေဖီ၍ ဗမာလူမျိုးကြီးစိုးရေးကိုအခြေခံသော တပြည်ထောင်စနစ်နိုင်ငံ တည်ဆောက်နေမှုအား လက်နက်ကိုင်တော်လှန်ရေးအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ခုခံ တော်လှန်တိုက်ပွဲဝင်လာ ခဲ့ပေသည်။ ယင်းသို့ တိုက်ပွဲဝင်ခြင်းသည် ချင်းအမျိုးသားတို့၏ မွေးရာပါအခွင့်အရေးများနှင့် အမျိုးသား ဂုဏ်အင် လက္ခဏာရပ်များအား ထိန်းသိမ်းကာကွယ်ရင်း နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးကိစ္စရပ်များတွင် ချင်းအမျိုးသားတို့အနေဖြင့် လွတ်လပ်စွာပြဋ္ဌာန်း ကျင့်သုံးပိုင်ခွင့်များ ပြန်လည်ရရှိရေးအတွက်ဖြစ်ပေသည်။ ယင်း အခြေခံအခွင့်အရေးများ အပြည့်အဝမရမချင်း ချင်းအမျိုးသားတို့၏ခုခံတော်လှန်စစ်သည် ဆက်လက်တည်ရှိ ရှင်သန်နေဦးမည်ဖြစ်ပြီး အမျိုးသားရေးတာဝန်တရပ် အနေဖြင့် မျိုးဆက်တဆက်ပြီးတဆက် ဆက်လက်တာဝန်ယူ အကောင်အထည် ဖော်ဆောင်သွားကြမည်ဖြစ်သည်။

အမျိုးသား၊ နိုင်ငံ၊ လူတန်းစား သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းတို့အချင်းချင်းကြား တိုက်ပွဲဆင်နွဲခြင်း၏ အမြင့်ဆုံး အသွင်မှာ "စစ်ပွဲ" ပင် ဖြစ်သည်။ ချင်းအမျိုးသားတို့၏ခုခံတော်လှန်စစ်သည် အုပ်စိုးသူစစ်အစိုးရနှင့် လူမျိုးကြီးဝါဒီ တို့က မိမိတို့၏ လွတ်လပ်မှု၊ လိုအင်ဆန္ဒ၊ ငြိမ်းချမ်းစွာနေထိုင်လိုမှုတို့ကို ပိတ်ပင်တားဆီးထားသည်သာမက အမျိုး သားအခွင့်အရေးတို့ ကိုပါ အသိအမှတ်မပြုဖျက်လိုဖျက်ဆီးပြုလုပ်မှုတို့ကြောင့် ချင်းအမျိုးသားများ ရေရှည်တည်တံ့ ရပ်တည် နေနိုင်ရေးနှင့် ချင်းပြည်အား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်မလွဲမရှောင်သာ စစ်ဆင်နွှဲရခြင်းသာ ဖြစ်သည်။ မိမိတို့ချင်း ပြည်တွင် လွတ်လပ်စွာရှင်သန်ရပ်တည်နိုင်ပြီး ချင်းအရေးအား ချင်းအမျိုးသားများ ကိုယ်တိုင် ဖန်တီးပြဋ္ဌာန်းနိုင်သည့် အခြေအနေရောက်ရှိမှသာလျှင် စစ်သည်ပြီးဆုံးခြင်းသို့ ရောက်ရှိမည်ဖြစ်ပြီး ထိုသို့သော အခြေအနေ မရောက်မချင်း ခုခံတော်လှန်စစ်သည် ဆက်လက်ရှိနေမည်သာဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် တိုင်းရင်းသားပေါင်းစုံဖြင့် တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်မှု၊တရားမျှတမှု၊တန်းတူညီမျှမှုရှိ၍လူမျိုးတိုင်းတွင်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်အပြည့်အဝရှိသော ပြည်သူလူထုတွင် အာဏာအပြည့်အဝရှိသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်မှသာလျှင် ငြိမ်းချမ်းတိုးတက်သော တိုင်းပြည်ကြီး ပေါ်ထွန်းနိုင်လိမ့်မည်ဟုစွဲမြဲစွာ ယုံကြည်သည်။ ယင်းယုံကြည်ချက်အကောင် အထည်ဖော်နိုင်ရေး အတွက် ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည်အဓိကဖြစ်သည်ဟု ရှုမြင်သဖြင့် ပြည်ထောင်စုမြန်မာ နိုင်ငံအစိုးရနှင့် လွှတ်တော်ပြင်ပတွင် နိုင်ငံရေးအရတန်းတူရည်တူတွေ့ဆုံဆွေးနွေးပွဲမှတဆင့် ပြည်ထောင်စု ဆိုင်ရာသဘော တူညီချက်များရယူကာ ဖွဲစည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှငြိမ်းချမ်းသာယာဝပြောသော တိုင်းပြည် တည် ဆောက်ရေးဆီသို့ တက်လှမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပေသည်။ယင်းသို့ ဆောင်ရွက်ရာ တွင် ပြည်သူလူထု အပါအဝင် ပြည်တွင်း နိုင်ငံရေးပါတီများ၊လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာကပါ တက်တက်ကြွကြွ ထောက်ခံ အားပေးပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုအပ်ပေသည်။

ချင်းအမျိုးသားတပ်ဦးသည် တိုင်းရင်းသားပေါင်းစုံညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် တန်းတူညီမျှမှုရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး နှင့် စစ်မှန်သောဒီမိုကရေစီစနစ်ထွန်းကားလာရေးအတွက် ပိုမိုထိရောက်စွာ လုပ်ကိုင်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟုယူဆသဖြင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ နှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုအားလုံးနှင့်အတူ မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံရေးအရ ဆွေးနွေးရာတွင် လည်းကောင်း၊ မိမိတို့အကြားပူးတွဲလုပ်ငန်းများ လုပ်ကိုင်အကောင်အထည်ဖော်ရာတွင်လည်းကောင်း အချင်းချင်း လက်တွဲ၍ ဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ ထိုသို့တိုက်ပွဲဝင်ရာတွင် တိုင်းရင်းသားလူမျိုးများအကြား မတူ ကွဲပြားမှုကို အသိအမှတ်ပြုခြင်း၊ အပြန်အလှန် လေးစားခြင်းနှင့် စည်းလုံးညီညွတ်ခြင်းကို ရှေ့ရှု၍ တိုင်းရင်းသား အားလုံး ပါဝင်နိုင်ရေးကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ချင်းအမျိုးသားများအနေဖြင့်(၂၅)နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာ ဖြတ်သန်း ကျော်လွှား လာခဲ့ရာမှရရှိသော အတွေ့အကြုံများအား မှတ်ကိုးပြု၍ နောင်လာမည့်အနာဂါတ်တွင် ချင်းအမျိုးသားတို့၏ စည်းလုံး ညီညွတ်မှုမှတိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရေးသို့၊ အဖွဲ့အစည်းတဖွဲ့ချင်းစီ၏ အင်အားမှ တိုင်းရင်းသား အားလုံး၏အင်အားသို့ တက်လှမ်း၍ တိုင်းရင်းသားအားလုံး ပျော်ရွှင်ငြိမ်းချမ်းစွာနေထိုင်နိုင်သော တိုင်းပြည်တည် ဆောက်ရေးဆီသို့ တက်ညီလက်ညီ၊ အရှိန်အဟုန်ဖြင့် ချီတက်ကြပါစို့ဟု တိုက်တွန်းနိုးဆော် လိုက်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

Media Contact: CNF Party Headquarters: (+91) 9862707065

Chin National Front – General Headquarters, Chinland